## တရားမပြင်ဆင်အယူခံမှု

## တရားရုံးချုပ်တရားသူကြီး ဦးကျော်ဝင်းရွှေ့တွင်

+ ၂၀၁၀
ဖေဖော်ဝါရီလ
၁၁ ရက်

## ဒေါ်ရင်ရင်စုန် (ခ) ဒေါ်ရင်ရင်စိုး
## နှင့်
## ဒေါ်ခင်မာလွင်ပါ ၃ *

**ပဋိညာဉ်တွင်ပါဝင်သူမဟုတ်သော်လည်း ပဋိညာဉ်ပါပစ္စည်းနှင့်စပ်လျဉ်းပြီး အကျိုးသက်ဆိုင်ခွင့်ရှိသူအနေဖြင့် ပဋိညာဉ်ချုပ်ဆိုသူတို့အချင်းချင်း စွဲဆိုသောအမှုတွင် မပါမဖြစ်ပါဝင်ရမည့်အမှုသည်ဖြစ်ခြင်း။**

**ဆုံးဖြတ်ချက်။** ။ ပဋိညာဉ်ကိုအခြေခံ၍ စွဲဆိုသောအမှုများတွင် ပဋိညာဉ်တွင်ပါဝင်သူများသည် အမှုတွင် အမှုသည်များအဖြစ် မပါလျှင်မဖြစ်သော အမှုသည်များ (Necessary Parties) ဖြစ်ကြသည်မှာ အငြင်းပွားဖွယ်မရှိပေ။ ပဋိညာဉ်တွင်မပါဝင်သည့်အပြင် ပဋိညာဉ်အရ တိုက်ရိုက်အကျိုးသက်ဆိုင်ခြင်းမရှိသူများအနေဖြင့် အမှုတွင် အမှုသည်များအဖြစ် ပါဝင်ရန်မလိုအပ်ဟူသော အယူအဆမှာ အငြင်းထွက်စရာအကြောင်းမရှိပေ။ **ဒေါ်ခင်စောဝေ နှင့် ဒေါ်အေးအေးသောင်းပါ ၃ အမှု**[7] ကိုကြည့်ပါ။

---

* ၂၀၀၉ ပြည့်နှစ်၊ တရားမပြင်ဆင်မှုအမှတ် ၁၈၆။

\+ ၂၀၀၉ ခုနှစ်၊ တရားမကြီးမှုအမှတ် ၂၂၃ တွင် ချမှတ်သော ၂၀၀၉ ခုနှစ်၊ စက်တင်ဘာလ ၁၀ ရက်စွဲပါ မန္တလေးတိုင်းတရားရုံး၏အမိန့်အပေါ် ပြင်ဆင်မှု။

၂၀၁၀
ဒေါ်ရင်ရင်စုန်
(ခ)
ဒေါ်ရင်ရင်စိုး
နှင့်
ဒေါ်ခင်မာလွင်
ပါ ၃

သို့ရာတွင် ပဋိညာဉ်တွင်ပါဝင်သူမဟုတ်သော်လည်း ပဋိညာဉ်အရ အကျိုးသက်ဆိုင်ခွင့်ရှိသူ တစ်နည်းအားဖြင့် ပဋိညာဉ်ပါပစ္စည်းနှင့်စပ်လျဉ်းပြီး အကျိုးသက်ဆိုင်သူဟု အဆိုရှိသူအနေဖြင့် ပဋိညာဉ်ချုပ်ဆိုသူတို့အချင်းချင်း စွဲဆိုသောအမှုတွင် အမှုသည်အဖြစ် ပါဝင်ရန်လို မလိုဟုဆိုခြင်းမှာ သီးခြားသက်သာခွင့်ဥပဒေပုဒ်မ ၂၇ (ခ) နှင့် ပုဒ်မ ၂၇ (ဂ) တို့အရ အလေးထားစဉ်းစားရမည့်ဥပဒေ ပြဿနာဖြစ်သည်။ သီးခြားသက်သာခွင့်ဥပဒေပုဒ်မ ၂၇ (ခ) ၌ "Any other person claiming under him by a title arising subsequently in the contract." ဟုပြဋ္ဌာန်းထားသည်ကို သတိချပ်ရန်လိုသည်။

သို့ဖြစ်၍ (၂) (၃) တရားပြိုင်များသည် တရားလိုနှင့် တိုက်ရိုက်ပဋိညာဉ်မရှိသော်လည်း အချင်းဖြစ်ဥပစာကို တရားပြိုင် (၁) ထံမှ အဆင့်ဆင့်ဝယ်ယူသူများဖြစ်ကြောင်း အငြင်းမပွားပေါ်ပေါက်လျက်ရှိသဖြင့် အထက်ဖော်ပြပါဥပဒေပြဋ္ဌာန်းချက်များနှင့် စီရင်ထုံးလမ်းညွှန်မှုတို့အရ တရားလိုက (၁) တရားပြိုင်အပေါ် အချင်းဖြစ်ဥပစာနှင့်စပ်လျဉ်း၍ ပဋိညာဉ်အတိုင်း ဆောင်ရွက်ပေးစေလိုကြောင်း စွဲဆိုသောအမှုတွင် တရားပြိုင် (၂) နှင့် (၃) တို့သည် အမှုတွင်မပါမဖြစ်ပါဝင်ရမည့် အမှုသည်များ (Necessary Parties) ဖြစ်ကြသည်မှာ မြင်သာသည်။

| | | |
|---|---|---|
| လျှောက်ထားသူအတွက် | - | ဒေါ်တင်အေးကြူ<br>တရားရုံးချုပ်ရှေ့နေ |
| လျှောက်ထားခံရသူ (၁) အတွက် | - | ကိုယ်တိုင် (မလာ) |
| လျှောက်ထားခံရသူ (၂) အတွက် | - | ဒေါ်အေးအေးမြိုင်<br>တရားရုံးချုပ်ရှေ့နေ |
| လျှောက်ထားခံရသူ (၃) အတွက် | - | ဦးစိုးဝင်း<br>တရားရုံးချုပ်ရှေ့နေ |

မန္တလေးတိုင်းတရားရုံး၊ ၂၀၀၉ ခုနှစ်၊ တရားမကြီးမှုအမှတ် ၂၂၇ တွင် တရားလို ဒေါ်ရင်ရင်စုန် (ခ) ဒေါ်ရင်ရင်စိုးက တရားပြိုင် ဒေါ်ခင်မာလွင်ပါ ၃ ဦးအပေါ် ပဋိညာဉ်အတိုင်း ဆောင်ရွက်ပေးစေလိုမှုစွဲဆိုသည်။ တိုင်းတရားရုံးက အဆိုအချေတို့အရ ငြင်းချက် (၇) ရပ်ထုတ်နုတ်ပြီး ငြင်းချက်အမှတ် (၁) (၂) (၃) တို့ကို ပဏာမငြင်းချက်အဖြစ်သတ်မှတ်၍ နှစ်ဖက်ကြားနာပြီး ပဏာမငြင်းချက်အမှတ် (၁) နှင့်စပ်လျဉ်း၍ အမှုကို ဤပုံစံအတိုင်း စွဲဆိုခွင့်မရှိဆိုခြင်းမှာ မှန်ကန်ခြင်းမရှိကြောင်း၊ ပဏာမငြင်းချက်အမှတ် (၂) နှင့်စပ်လျဉ်း၍ (၂) (၃) တရားပြိုင်များအား တရားပြိုင်အဖြစ်မှ ထုတ်ပယ်ကြောင်း၊ ပဏာမငြင်းချက်အမှတ် (၃) နှင့်စပ်လျဉ်း၍ (၂) (၃) တရားပြိုင်များအပေါ် တရားစွဲဆိုရန် အကြောင်းပေါ်ပေါက်ခြင်းမရှိဆိုခြင်းမှာ မှန်ကန်ကြောင်း ဖြေဆိုဆုံးဖြတ်ခဲ့သည်။ တိုင်းတရားရုံး၏ပဏာမငြင်းချက်အမှတ် (၂) နှင့် (၃) ကို ဖြေဆိုဆုံးဖြတ်ခဲ့သည့်အမိန့်အား တရားလို ဒေါ်ရင်ရင်စုန် (ခ) ဒေါ်ရင်ရင်စိုးက ကျေနပ်မှုမရှိသဖြင့် ပြင်ဆင်မှုတင်သွင်းခြင်းဖြစ်သည်။

မူလတိုင်းတရားရုံးက ပဏာမငြင်းချက်အမှတ် (၂) နှင့် စပ်လျဉ်း၍ ၂၉-၃-၂၀၀၇ ရက်စွဲပါ နှစ်ဦးသဘောတူဂရန်မြေ အရောင်း

အဝယ်စရန်ပေးစာချုပ်အရ ပဋိညာဉ်ပြုသူများမှာ မရင်ရင်စုန်နှင့် မခင်မာလွင်တို့သာဖြစ်ကြောင်း၊ တရားလိုနှင့် (၁) တရားပြိုင်အကြား ရှိခဲ့သော ကတိပဋိညာဉ်တွင် တရားပြိုင် (၂) (၃) တို့ပါဝင်ခြင်း မရှိကြောင်း၊ တရားလိုနှင့် ပဋိညာဉ်ပြုထားခြင်းမရှိသော တရားပြိုင် (၂) (၃) တို့အား တရားပြိုင်အဖြစ် ထည့်သွင်းစွဲဆိုရန်လိုအပ်မည် မဟုတ်ကြောင်း၊ တရားလိုသည် (၁) တရားပြိုင်အပေါ် သက်သာခွင့် တောင်းဆိုထားကြောင်း အဆိုလွှာတွင်ပေါ်ပေါက်ကြောင်း၊ တရားမ ကျင့်ထုံးဥပဒေအမိန့် ၁၊ နည်းဥပဒေ ၁၀ (၂) အရ တရားပြိုင်အဖြစ် မှ ထုတ်ပယ်ရန်ဖြစ်ကြောင်းသုံးသပ်ပြီး (၂) (၃) တရားပြိုင်များအား တရားပြိုင်အဖြစ်မှ ထုတ်ပယ်ကြောင်း ဖြေဆိုဆုံးဖြတ်ခဲ့သည်။

ငြင်းချက်အမှတ် (၃) နှင့်စပ်လျဉ်း၍ (၂၉-၃-၂၀၀၇) ရက်စွဲပါ ပဋိညာဉ်သည် တရားလိုနှင့် (၁) တရားပြိုင်အကြားပြုလုပ်ထားသော ပဋိညာဉ်ဖြစ်ပြီး ယင်းပဋိညာဉ်တွင် တရားပြိုင်(၂) (၃) တို့သည် တရားလိုနှင့် ပဋိညာဉ်တစ်စုံတစ်ရာပြုထားသူများမဟုတ်သဖြင့် (၂) (၃) တရားပြိုင်များအပေါ် ပဋိညာဉ်အတိုင်း ဆောင်ရွက်ပေးရန် အတွက် တရားစွဲဆိုရန်အကြောင်း ပေါ်ပေါက်ခြင်းရှိမည်မဟုတ် ကြောင်းသုံးသပ်ပြီး (၂) (၃) တရားပြိုင်များအပေါ် တရားစွဲဆိုရန် အကြောင်းပေါ်ပေါက်ခြင်မရှိဆိုခြင်းမှာ မှန်ကန်ကြောင်း ဖြေဆို ဆုံးဖြတ်ခဲ့သည်။

လျှောက်ထားသူ၏ရှေ့နေက ပြင်ဆင်ရန်အကြောင်းပြချက် အနေဖြင့် အဓိကတင်ပြသည်မှာ ယခုအမှုတွင် တရားလိုက (၁) (၂) တရားပြိုင်တို့အပေါ် မန္တလေးတိုင်းတရားရုံး၊ တရားမကြီးမှုအမှတ် ၃၉၉/၂၀၀၈ တွင် ပဋိညာဉ်အတိုင်း ဆောင်ရွက်ပေးစေလိုမှု စွဲဆို ခဲ့ပါကြောင်း၊ အမှုအတောအတွင်း (၂) တရားပြိုင်၏ချေလွှာအရ (၃) တရားပြိုင်ထံ အချင်းဖြစ်ဥပစာကိုလွှဲပြောင်းထားကြောင်း

၂၀၁၀
ဒေါ်ရင်ရင်စုန်
(ခ)
ဒေါ်ရင်ရင်စိုး
နှင့်
ဒေါ်ခင်မာလွင်
ပါ ၃

ပေါ်ပေါက်သဖြင့် အမှုကို အမှုသစ်စွဲဆိုခွင့်နှင့်တကွရုပ်သိမ်း၍ ယခု အမှုကို ထပ်မံစွဲဆိုခြင်းဖြစ်ပါကြောင်း၊ **ဦးတင်ဦးပါ ၃ နှင့် ဦးကြည် (ခ) ရွှေတောင်အမှု**[၁] စီရင်ထုံးအရ (၂) (၃) တရားပြိုင်တို့ကို အမှုတွင်ထည့်သွင်းစွဲဆိုခြင်းဖြင့် အမှုပွားများမှုကို တားဆီးရာရောက်သည့်အပြင် ၎င်းတို့ပါ အမှုတွင်ခုခံချေပခွင့်ရရှိသဖြင့် တရားမျှတမှုဆောင်ကြဉ်းရာလည်းရောက်ပါကြောင်း၊ ၎င်းတို့သည် အမှုတွင် မပါမဖြစ်ပါဝင်ရမည့် (Necessary Parties) အမှုသည်များဖြစ်ကြောင်း အခိုင်အမာပေါ်ပေါက်ပါကြောင်း၊ ထို့ပြင် (၂) (၃) တရားပြိုင်များသည် တရားလိုနှင့်တိုက်ရိုက် ပဋိညာဉ်မရှိသော်လည်း အမှု၏အငြင်းထွက်အကြောင်းအရာဖြစ်သော ဥပစာနှင့်ပတ်သက်၍ တိုက်ရိုက်သက်ဆိုင်လျက်ရှိကြောင်း၊ ထို့ကြောင့် လျှောက်ထားခံရသူ (၁) ထံမှ အချင်းဖြစ်ဥပစာကို ဝယ်ယူခဲ့ကြသော လျှောက်ထားခံရသူ (၂) (၃) တို့အား အမှုတွင်ထည့်သွင်းစွဲဆိုခွင့်ရှိသည်မှာ သီးခြားသက်သာခွင့် ဥပဒေပုဒ်မ ၂၇ အရလည်းကောင်း၊ **ဦးမောင်မောင်လတ်ပါ ၃ နှင့် ဦးကြီးကြိမ် (ခ) ဦးကံကောင်းအမှု**[၂] စီရင်ထုံးလမ်းညွှန်ချက်အရလည်းကောင်း ပေါ်လွင်ထင်ရှားပြီးဖြစ်ကြောင်း၊ ထို့ကြောင့် မန္တလေးတိုင်းတရားရုံးက (၂) (၃) တရားပြိုင်များအား အမှုမှထုတ်ပယ်ခဲ့ခြင်း၊ (၂) (၃) တရားပြိုင်များအား တရားစွဲဆိုရန်အမှုဖြစ်အကြောင်းအရာမပေါ်ပေါက်ဟု ဆုံးဖြတ်ခဲ့ခြင်းတို့မှာ ကြိုတင်ဆုံးဖြတ်ရာ (Prejudge) ကျသဖြင့် ဥပဒေနှင့်မညီသောကြောင့် တရားမကျင့်ထုံးဥပဒေပုဒ်မ ၁၁၅ ပါ ပြဋ္ဌာန်းချက်များနှင့်ငြိစွန်းလျက်ရှိကြောင်း၊ သို့ပါ၍ ပြင်ဆင်မှုကိုခွင့်ပြုပြီး မန္တလေးတိုင်းတရားရုံး၊

---

(၁) ၁၉၉၆ ခုနှစ်၊ မြန်မာနိုင်ငံတရားစီရင်ထုံး၊ စာ- ၂၃
(၂) ၂၀၀၁ ခုနှစ်၊ မြန်မာနိုင်ငံတရားစီရင်ထုံး၊ စာ- ၂၈၁

တရားမကြီးမှုအမှတ် ၂၂၇/၂၀၀၉ တွင် ပဏာမငြင်းချက်အမှတ် ၂/၃ တို့နှင့်ပတ်သက်၍ ချမှတ်ခဲ့သည့်အမိန့်ကိုပယ်ဖျက်ပြီး အမှုကို ဆက်လက်ဆောင်ရွက်စေရန် အမိန့်ချမှတ်ပေးပါရန် တင်ပြသည်။

လျှောက်ထားခံရသူအမှတ် (၁) မှာ ရုံးရှေ့လာရောက် လျှောက်လဲတင်ပြခြင်းမရှိပေ။

လျှောက်ထားခံရသူအမှတ် (၂) ၏ရှေ့နေက တရားလို ဒေါ်ရင်ရင်စုန် (ခ) ဒေါ်ရင်ရင်စိုးက (၂၉-၃-၂၀၀၇) နေ့စွဲပါ နှစ်ဦး သဘောတူဂရန်မြေ အရောင်းအဝယ်စရန်ပေး ကတိစာချုပ်အပေါ် မူတည်၍ ပဋိညာဉ်အတိုင်း ဆောင်ရွက်ပေးစေလိုမှုစွဲဆိုခြင်းဖြစ်၍ မူလရုံးတရားလိုနှင့် ပဋိညာဉ်ပြုသူမှာ အမှတ် (၁) တရားပြိုင် ဒေါ်ခင်မာလွင်တစ်ဦးတည်းသာဖြစ်ပြီး (၂) တရားပြိုင်နှင့် မည်သည့် ပဋိညာဉ်မျှပြုခဲ့ခြင်းမရှိသည်မှာ အငြင်းမပွားသောအချက်ဖြစ်ပါ ကြောင်း၊ ပဋိညာဉ်ပြုထားခြင်းမရှိသူတို့မှာ ပဋိညာဉ်ကိုလိုက်နာရန် အကြောင်းမရှိကြောင်း၊ မူလရုံးတရားလို၏ အဆိုလွှာအရ (၂) တရားပြိုင်အပေါ် မည်သည့်အခွင့်အရေး မည်သည့်သက်သာခွင့်ကိုမျှ တောင်းဆိုထားခြင်းမရှိပါကြောင်း၊ တရားပြိုင်အဖြစ် ထည့်သွင်းလိုသူ ထံမှ တရားလိုက သက်သာခွင့်တောင်းဆိုသော ရည်ရွယ်ချက်မရှိသည့် အပြင် ၎င်းအပေါ် မည်သို့မျှလည်း အရေးဆိုထားခြင်းမရှိလျှင် ထိုသူ အား တရားပြိုင်အဖြစ်ထည့်သွင်းရန်မသင့်ဟု **ဂွတ်မြန်မာထုတ်ကုန် သွင်းကုန်ထရေးဒင်းကုမ္ပဏီ (၎င်း၏ဥက္ကဋ္ဌ ဦးအမ်ဇော်နန်း) နှင့် တော့ပရင်းကော်ပိုရေးရှင်းS.D.N, BHD (၎င်း၏ ကိုယ်စားလှယ် မစ္စတာ အိုင်ယိုရှီးဒါးအမှု**[၃] တွင် ထုံးဖွဲ့ထားပါ ကြောင်း၊ သို့ဖြစ်၍ အမှတ် (၂) လျှောက်ထားခံရသူကို တရားပြိုင်

---

(၃) ၂၀၀၁ ခုနှစ်၊ မြန်မာနိုင်ငံတရားစီရင်ထုံး၊ စာ- ၁၃၃

၂၀၁၀
ဒေါ်ရင်ရင်စုန်
(ခ)
ဒေါ်ရင်ရင်စိုး
နှင့်
ဒေါ်ခင်မာလွင်
ပါ ၃

အဖြစ်မှ ထုတ်ပယ်ကြောင်း ငြင်းချက်အမှတ် (၂) ကို ဖြေဆိုဆုံးဖြတ်ခဲ့သည့် မူလတိုင်းတရားရုံး၏အမိန့်မှာ မှန်ကန်သင့်မြတ်ပါကြောင်း၊ မူလရုံးတရားလိုသည် (၂၉-၃-၂၀၀၇) ရက်စွဲပါ ပဋိညာဉ်အရ တရားစွဲဆိုခြင်းဖြစ်သည့်အတွက် ၎င်းနှင့်ပဋိညာဉ်ပြုသူ (၁) တရားပြိုင်အပေါ်သာ ပဋိညာဉ်အတိုင်း ဆောင်ရွက်ပေးစေရန် တောင်းဆိုနိုင်မည်ဖြစ်ပြီး ပဋိညာဉ်တွင်မပါဝင်သည့် (၂) တရားပြိုင်အပေါ် ပဋိညာဉ်အတိုင်း ဆောင်ရွက်ပေးစေရန် တရားစွဲဆိုရန်အကြောင်း ပေါ်ပေါက်ခြင်းမရှိပါကြောင်း၊ သို့ပါ၍ မူလတိုင်းတရားရုံးက (၂) တရားပြိုင်အပေါ် တရားစွဲဆိုရန်အကြောင်း ပေါ်ပေါက်ခြင်းမရှိခြင်းမှာ မှန်ကန်သည်ဟု ဖြေဆိုဆုံးဖြတ်ခဲ့ခြင်းမှာ မှန်ကန်သင့်မြတ်ပါကြောင်း၊ သို့ပါ၍ မူလတိုင်းတရားရုံး၏အမိန့်ကိုအတည်ပြုပြီး ဤပြင်ဆင်မှုကိုပလပ်ပေးပါရန် တင်ပြသည်။

အမှတ် (၃) လျှောက်ထားခံရသူ၏ရှေ့နေက အလားတူပင် တရားလိုနှင့် ပဋိညာဉ်ပြုသူမှာ အမှတ် (၁) လျှောက်ထားခံရသူတို့သာဖြစ်ကြောင်း၊ အဆိုပါစာချုပ်နှင့်ပတ်သက်၍ ပဋိညာဉ်ပြုလုပ်ခြင်း စရန်ငွေရယူခြင်းရှိ မရှိမှာ လျှောက်ထားသူနှင့် အမှတ် (၁) လျှောက်ထားခံရသူတို့နှစ်ဦးအကြား ဖြေရှင်းရမည့်ကိစ္စဖြစ်ကြောင်း၊ အမှတ် (၁) လျှောက်ထားခံရသူက အမှတ် (၂) လျှောက်ထားခံရသူသို့ မှတ်ပုံတင်စာချုပ်ဖြင့် ရောင်းချပြီးဖြစ်ကြောင်း၊ အမှတ် (၂) လျှောက်ထားခံရသူက အမှတ် (၃) လျှောက်ထားခံရသူသို့ တရားဝင်မှတ်ပုံတင်စာချုပ်အမှတ် (၁၀၂၀/၂၀၀၉) အရ ရောင်းချပြီး လက်ရှိနေထိုင်ပိုင်ဆိုင်လျက်ရှိကြောင်း ပေါ်ပေါက်လျက်ရှိပါကြောင်း၊ ထို့ကြောင့် ပဋိညာဉ်အပေါ် မူတည်စွဲဆိုသော ပဋိညာဉ်အတိုင်း ဆောင်ရွက်ပေးစေလိုမှုတွင် လျှောက်ထားခံရသူ (၂) (၃) တို့အား တရားမကျင့်ထုံးဥပဒေအမိန့် ၁၊ နည်း ၁၀ (၂) အရ မူလတိုင်းတရားရုံးမှ တရားပြိုင်

၂၀၁၀
ဒေါ်ရင်ရင်စုန်
(ခ)
ဒေါ်ရင်ရင်စိုး
နှင့်
ဒေါ်ခင်မာလွင်
ပါ ၃

အဖြစ်မှထုတ်ပယ်ရန် ဆုံးဖြတ်ခဲ့ခြင်းသည် မှန်ကန်သောဆုံးဖြတ်ချက်ဖြစ်ပါကြောင်း၊ (၂၉-၃-၂၀၀၇) ရက်စွဲပါ ပဋိညာဉ်အား လျှောက်ထားသူနှင့် အမှတ် (၁) လျှောက်ထားခံရသူတို့အကြား ပြုလုပ်ထားသောပဋိညာဉ်သာဖြစ်ပြီး အမှတ် (၂) (၃) လျှောက်ထားခံရသူတို့သည် တရားလိုနှင့် ပဋိညာဉ်ပြုထားသူများမဟုတ်၍ အမှတ် (၂) (၃) လျှောက်ထားခံရသူများအပေါ် ပဋိညာဉ်အတိုင်း ဆောင်ရွက်ပေးရန်အတွက် တရားစွဲဆိုရန် အကြောင်းပေါ်ပေါက်ခြင်းရှိမည်မဟုတ်ဟူ၍ မူလတိုင်းတရားရုံးက ဖြေဆိုဆုံးဖြတ်ခဲ့ခြင်းသည် မှန်ကန်သောဆုံးဖြတ်ချက်ဖြစ်ပါသဖြင့် ဤပြင်ဆင်မှုကို စရိတ်နှင့်တကွပလပ်ပြီး မူလရုံးအမိန့်ကို အတည်ပြုသင့်ပါကြောင်း တင်ပြသည်။

ပဋိညာဉ်ကိုအခြေခံ၍ စွဲဆိုသောအမှုများတွင် ပဋိညာဉ်တွင်ပါဝင်သူများသည် အမှုတွင် အမှုသည်များအဖြစ် မပါလျှင်မဖြစ်သောအမှုသည်များ (Necessary Parties) ဖြစ်ကြသည်ဆိုခြင်းမှာ အငြင်းပွားဖွယ်မရှိပေ။ ပဋိညာဉ်တွင်မပါဝင်သည့်အပြင် ပဋိညာဉ်အရ တိုက်ရိုက်အကျိုးသက်ဆိုင်ခြင်းမရှိသူများအနေဖြင့် အမှုတွင်အမှုသည်များအဖြစ် ပါဝင်ရန်မလိုအပ်ဟူသောအယူအဆမှာ အငြင်းထွက်စရာ အကြောင်းမရှိပေ။ **ဒေါ်ခင်စောဝေ နှင့် ဒေါ်အေးအေးသောင်းပါ ၃ အမှု**[၄] ကိုကြည့်ပါ။

သို့ရာတွင် ပဋိညာဉ်တွင် ပါဝင်သူများမဟုတ်သော်လည်း ပဋိညာဉ်အရ အကျိုးသက်ဆိုင်ခွင့်ရှိသူ တစ်နည်းအားဖြင့် ပဋိညာဉ်ပါပစ္စည်းနှင့်စပ်လျဉ်းပြီး အကျိုးသက်ဆိုင်သူဟု အဆိုရှိသူအနေဖြင့် ပဋိညာဉ်ချုပ်ဆိုသူတို့ အချင်းချင်းစွဲဆိုသော အမှုသည်အဖြစ်ပါဝင်ရန် လို မလိုဟုဆိုခြင်းမှာ သီးခြားသက်သာခွင့်ဥပဒေပုဒ်မ ၂၇ (ခ) နှင့်

(၄) ၁၉၉၂ ခုနှစ်၊ မြန်မာနိုင်ငံတရားစီရင်ထုံး၊ စာ- ၂၀

၂၀၁၀
ဒေါ်ရင်ရင်စုန်
(ခ)
ဒေါ်ရင်ရင်စိုး
နှင့်
ဒေါ်ခင်မာလွင်
ပါ ၃

ပုဒ်မ ၂၇ (ဂ) တို့အရ အလေးထားစဉ်းစားရမည့် ဥပဒေပြဿနာဖြစ်သည်။ သီးခြားသက်သာခွင့်ဥပဒေပုဒ်မ ၂၇ (ခ) ၌ "Any other person claiming under him by a title arising subsequently in the contract" ဟု ပြဋ္ဌာန်းထားသည်ကို သတိချပ်ရန်လိုသည်။

**မောင်ထွန်းဝ နှင့် မောင်သာဂဒိုးအမှု**[7] တွင် မြေရောင်းရန်ပဋိညာဉ်အား သီးခြားဆောင်ရွက်ပေးစေရန် ရောင်းသူအပေါ်တွင်သာမက သီးခြားသက်သာခွင့်ဥပဒေပုဒ်မ ၂၇ (ခ) တွင် ဖော်ပြထားသောအခြေအနေတွင် နောက်ပိုင်း၌ ဝယ်ယူသူအပေါ်တွင်လည်း တောင်းဆိုနိုင်သည်၊ "တရားရုံးသည် နောက်ပိုင်းတွင် ဝယ်ယူသူအား တရားမကျင့်ထုံးဥပဒေအမိန့် ၁၊ နည်း ၁၀ အရ အမှုသည်အဖြစ်ထည့်နိုင်သည်" ဟု လမ်းညွှန်ထုံးဖွဲ့ထားသည်။

**မောင်ထွန်းဝ နှင့် မောင်သာဂဒိုးအမှု**[7] စီရင်ထုံးလမ်းညွှန်ချက်ကို **ဦးတင်ဦးပါ ၃ နှင့် ဦးကြည် (ခ) ရှိတောင်အမှု**[8] တွင် လိုက်နာကျင့်သုံးထုံးဖွဲ့ထားသည်။

ထို့ပြင် တရားမကျင့်ထုံးဥပဒေအမိန့် ၁၊ နည်း ၁၀ (၂) အရ အမှုသည်အဖြစ် ပူးတွဲပါဝင်ရန်လိုအပ်သူဟုတ် မဟုတ်ကို စဉ်းစားရာ၌ တရားမကျင့်ထုံးဥပဒေအမိန့် ၁၊ နည်း ၁၀ (၂) ၌ ပြဋ္ဌာန်းပါရှိသောစကားရပ်အတိုင်း အမှုတွင်ပေါ်ပေါက်သော အကြောင်းခြင်းရာပြဿနာများ (all questions involved in the suit) ဆိုသောစကားရပ်သည် တရားလိုနှင့် အမှုတွင်ပါဝင်သူတို့အကြား ပေါ်ပေါက်သည့်ပြဿနာကိုမဆိုလို။ တရားစွဲဆိုသောအမှု၌ ပေါ်ပေါက်နေသည့် အကြောင်းခြင်းရာပြဿနာကို ဆိုလိုခြင်းဖြစ်သည်။

---

(၇) အောက်မြန်မာပြည်အတွဲ- ၁၊ စာ- ၂၇၂

၂၀၁၀
ဒေါ်ရင်ရင်စုန်
(ခ)
ဒေါ်ရင်ရင်စိုး
နှင့်
ဒေါ်ခင်မာလွင်
ပါ ၃

သို့ဖြစ်၍ သီးခြားသက်သာခွင့်ဥပဒေပုဒ်မ ၂၇ (ခ) နှင့် (ဂ) တို့ကို တရားမကျင့်ထုံးဥပဒေအမိန့် ၁၊ နည်း ၃ နှင့် နည်း ၁၀ (၂) တို့နှင့် ဆက်စပ်လိုက်ပါက ပဋိညာဉ်ပြုသူအချင်းချင်း စွဲဆိုသောအမှု၌ အဆိုပါပဋိညာဉ်တွင် ပါဝင်ခြင်းမရှိသူတစ်ဦးအနေဖြင့် အမှုတွင် ပါဝင်ရန်လို မလိုဆိုခြင်းမှာ အမှုတစ်မှုချင်း၏ အကြောင်းခြင်းရာ အချက်အလက်ပေါ် မူတည်သည်။ ထိုသူသည် တရားလိုအဆိုပြု စွပ်စွဲချက်အရ အချင်းဖြစ်ပဋိညာဉ်တွင် ပူးတွဲတာဝန်ရှိသူ သို့မဟုတ် ပဋိညာဉ်ပါအချင်းဖြစ်ပစ္စည်းတွင် တစ်နည်းနည်း အကျိုးသက်ဆိုင်ခွင့်ရှိသူဟုတ် မဟုတ်ဆိုခြင်းကို အဓိကစိစစ်ရန်ဖြစ်သည်။

ယခုအမှုတွင် တရားလိုက အချင်းဖြစ် မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ ကံသာယာရပ်၊ အကွက်အမှတ် (၈-၂)၊ ဦးပိုင်အမှတ် (၁၊ ၂) ဂရန်မြေနှင့် ယင်းမြေပေါ်ရှိ အဆောက်အဦအကျိုးခံစားခွင့်များကို တရားပြိုင်အမှတ် (၁) ထံမှ ကျပ်သိန်း (၂၂၀၀) ဖြင့်ဝယ်ယူရန် သဘောတူညီခဲ့ပြီး ၂၉-၃-၂၀၀၇ နေ့တွင် စရန်ငွေကျပ်သိန်း (၁၀၀၀) ပေးအပ်ကာ စရန်ပေးကတိစာချုပ် ချုပ်ဆိုခဲ့ကြောင်း၊ ကတိစာချုပ်အတိုင်း ၉-၃-၂၀၀၈ နေ့တွင် ကျန်ငွေကျပ်သိန်း (၁၂၀၀)ကို ပေးအပ်ပြီး မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုပေးရန် တောင်းဆို ရာ တရားပြိုင်အမှတ် (၁) က ရှောင်တိမ်းနေကြောင်း၊ ၁၇-၈-၂၀၀၈ နေ့စွဲပါ မန္တလေးသတင်းစာတွင် (၂) တရားပြိုင်၏ အများသိစေရန် ကြေညာချက်ကို တွေ့ရှိရသည့်အခါ (၂) တရားပြိုင်အား အချင်းဖြစ် ဥပစာကိုရောင်းချထားကြောင်း သိရှိရကြောင်း၊ ထို့ကြောင့် ထိုနေ့ တွင်ပင် (၁) တရားပြိုင်အား ကတိစာချုပ်ပါ သဘောတူညီချက်အတိုင်း အရောင်းအဝယ်ကို ဆက်လက်ဆောင်ရွက်ရန်ဖြစ်စေ၊ စရန်ငွေ (၂) ဆပေးလျော်ရန်ဖြစ်စေ တောင်းဆိုသည့်အခါ ဆောင်ရွက်မပေးနိုင်ဟုငြင်းဆိုသဖြင့်

၂၀၁၀
ဒေါ်ရင်ရင်စုန်
(ခ)
ဒေါ်ရင်ရင်စိုး
နှင့်
ဒေါ်ခင်မာလွင်
ပါ ၃

တရားပြိုင် (၁) နှင့် (၂) တို့အပေါ် တရားမကြီးမှုအမှတ် ၃၉၉/၂၀၀၈ ဖြင့် ပဋိညာဉ်အတိုင်း ဆောင်ရွက်ပေး စေရန် တရားစွဲဆိုခဲ့ကြောင်း၊ ထိုအမှုတွင် အမှတ် (၂) တရားပြိုင်က အချင်းဖြစ်ဉပစာအား (၃) တရားပြိုင်သို့ လွှဲပြောင်းရောင်းချပြီးကြောင်း ထုချေသဖြင့် ထိုအမှုကိုရုပ်သိမ်းပြီး အမှတ် (၁၊ ၂၊ ၃) တရားပြိုင်တို့ အပေါ် ယခုအမှုအား ထပ်မံစွဲဆိုကြောင်း အဆိုပြုစွဲဆိုခြင်းဖြစ်သည်။

တရားပြိုင် (၂) ကလည်း (၁) တရားပြိုင်နှင့် ၎င်း၏ခင်ပွန်း ဦးအောင်ကျော်ကျော်ထံမှ ယာယီမှတ်ပုံတင်စာချုပ်အမှတ် ၇၆၈/၂၀၀၇ အရ ငွေအပြေအကြေပေးချေဝယ်ယူခဲ့ပြီး (၂) တရားပြိုင်က ဦးလွန်ဒေါင်သို့ ပြန်လည်ရောင်းချခဲ့ကြောင်း၊ (၂) တရားပြိုင်ထံမှ ဝယ်ယူခဲ့ပြီး အထွေထွေကိုယ်စားလှယ်စာရသူ ဦးလွန်ဒေါင်က (၃) တရားပြိုင် ဒေါ်ဒေါင်နန်းအား မှတ်ပုံတင်စာချုပ်အမှတ် ၁၀၂၀/၂၀၀၉ ဖြင့် ရောင်းချခဲ့ပြီးဖြစ်ကြောင်း ချေပခဲ့သလို (၃) တရားပြိုင် ဒေါ်ဒေါင်နန်းကလည်း အချင်းဖြစ်ဉပစာကို (၂) တရားပြိုင် ဒေါ်သန်းစိန်ထံမှ မှတ်ပုံတင်စာချုပ်အမှတ် ၁၀၂၀/၂၀၀၉ ဖြင့် ဝယ်ယူ၍ လက်ရောက်ရရှိနေထိုင်ခဲ့ကြောင်း ချေပထားသည်။

သို့ဖြစ်၍ (၂) (၃) တရားပြိုင်များသည် တရားလိုနှင့် တိုက်ရိုက်ပဋိညာဉ်မရှိသော်လည်း အချင်းဖြစ်ဉပစာကို တရားပြိုင် (၁) ထံမှ အဆင့်ဆင့်ဝယ်ယူသူများဖြစ်ကြောင်း အငြင်းမပွား ပေါ်ပေါက်လျက်ရှိသဖြင့် အထက်ဖော်ပြပါ ဥပဒေပြဋ္ဌာန်းချက်များ နှင့် စီရင်ထုံးလမ်းညွှန်မှုတို့အရ တရားလိုက (၁) တရားပြိုင်အပေါ် အချင်းဖြစ်ဉပစာနှင့်စပ်လျဉ်း၍ ပဋိညာဉ်အတိုင်း ဆောင်ရွက်ပေးစေလိုကြောင်း စွဲဆိုသောအမှုတွင် တရားပြိုင် (၂) နှင့် (၃) တို့သည် အမှုတွင်မပါမဖြစ် ပါဝင်ရမည့်အမှုသည်များ (Necessary

၂၀၁၀
ဒေါ်ရင်ရင်စုန်
(ခ)
ဒေါ်ရင်ရင်စိုး
နှင့်
ဒေါ်ခင်မာလွင်
ပါ ၃

Parties) ဖြစ်ကြသည်မှာ မြင်သာသည်။

ဤသို့သော အခြေအနေတွင် မူလတိုင်းတရားရုံးက တရားပြိုင်အမှတ် (၂) နှင့် (၃) တို့အား အမှုသည်အဖြစ်မှ ဖယ်ထုတ်ခြင်းသည် မိမိအားအပ်နှင်းထားသော အခွင့်အာဏာကိုကျင့်သုံးရန် ပျက်ကွက်ခဲ့ခြင်းဖြစ်ကြောင်း ပေါ်ပေါက်သည်။

ထို့ပြင် သီးခြားသက်သာခွင့်ဥပဒေပုဒ်မ ၂၇ (ခ) အရ မြေအရောင်းအဝယ် ပဋိညာဉ်အား သီးခြားဆောင်ရွက်စေရန် ရောင်းသူအပေါ်တွင်သာမက မူလပဋိညာဉ်ရှိကြောင်းသိလျက်နှင့် နောက်ပိုင်းတွင် ဝယ်ယူသူအပေါ်တွင်လည်း စွဲဆိုနိုင်သည်။ **ကိုဖန်းငါး နှင့် ဒေါ်ပွေးအမှု**[(၆)]**၊ ဦးမောင်မောင်လတ်ပါ ၃ နှင့် ဦးကြီးကြိမ် (ခ) ဦးကံကောင်းအမှု**[(၂)] တို့ကိုကြည့်ပါ။

သို့ဖြစ်၍ တရားပြိုင်အမှတ် (၁) ထံမှ အချင်းဖြစ်ဥပစာကို အဆင့်ဆင့်ဝယ်ယူခဲ့သော တရားပြိုင်အမှတ် (၂) နှင့် (၃) တို့သည် အချင်းဖြစ်ဥပစာအား တရားလိုသို့ရောင်းရန် ကတိပဋိညာဉ်ပြုထားခြင်းကိုသိ မသိဆိုသည့် အကြောင်းခြင်းရာပြဿနာ ပေါ်ပေါက်သည်။ သိလျက်နှင့်ဝယ်ယူခဲ့သည်ဆိုပါက သီးခြားသက်သာခွင့်အက်ဥပဒေ ပုဒ်မ ၂၇ နှင့် ငြိစွန်းမည်ဖြစ်ပါသည်။

ဤသို့သော အခြေအနေတွင် မူလတိုင်းတရားရုံးက တရားပြိုင် (၂) နှင့် (၃) တို့အပေါ် တရားစွဲဆိုရန်အမှုဖြစ်ကြောင်းခြင်းရာ မပေါ်ပေါက်ဟုဆုံးဖြတ်ခြင်းမှာ ဥပဒေနှင့်ညီညွတ်ခြင်းမရှိပေ။

အထက်ပါ အကြောင်းများကြောင့် မူလတိုင်းတရားရုံး၏ အမိန့်ကို ဤပြင်ဆင်မှုရုံးက ဝင်ရောက်စွက်ဖက်ရမည်ဖြစ်သည်။

---

(၆) ၁၉၅၁ ခုနှစ်၊ မြန်မာနိုင်ငံတရားစီရင်ထုံး (တရားလွှတ်တော်)၊ စာ- ၄၅၇

ထို့ကြောင့် ဤပြင်ဆင်မှုကို စရိတ်နှင့်တကွ ခွင့်ပြုပြီး မူလတိုင်းတရားရုံး၏ ၁၀-၉-၂၀၀၉ ရက်စွဲပါအမိန့်ကိုပယ်ဖျက်ကြောင်း အမိန့်ချမှတ်လိုက်သည်။

ရှေ့နေစရိတ်ကျပ် ၂၀၀/- သတ်မှတ်သည်။